အင်တာနက်ဂျာနယ်
INTERNET journal
Education
Vol. 17, No. 47 • Monday • December 5, 2016



# မန္တလေးနည်းပညာတက္ကသိုလ်တွင် Solidworks 3D CAD သင်တန်းဖွင့်လှစ်



ကောင်းမြတ်ထွန်း
မန္တလေး၊ဒီဇင်ဘာ ၁

Japan SAT Consulting Co.,Ltd , Myanmar Toyohashi Engineering Co.,Ltd နှင့် နည်းပညာတက္ကသိုလ် (မန္တလေး) တို့ပူးပေါင်း၍ Solidworks 3D CAD သင်တန်းကို မန္တလေးနည်းပညာတက္ကသိုလ်တွင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

Myanmar Toyohashi Engineering Co.,Ltd မှ Solid–works 3D CAD ကိုသင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ၄ လကြာမြင့်မည်ဖြစ်သည်။ တနင်္လာမှ သောကြာအထိ (ညနေ ၄ နာရီမှ ၆ နာရီအထိ) တစ်နေ့လျှင် ၂ နာရီသင်ကြားပေးမည်ဖြစ်သည်။ ယခုကဲ့သို့သောသင်တန်းကို အခြားတက္ကသိုလ်တွင်လည်းဖွင့်လှစ်ရန် ညှိနှိုင်းဆွေးနွေးလျက်ရှိရာ သင်ကြားရေးနှင့် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို Myanmar Toyohashi Engineering Co.,Ltd မှ တာဝန်ယူ၍ Japan SAT Consulting Co.,Ltd မှ သင်ကြားရေးတွင်လိုအပ်သည့် ကွန်ပျူတာ၊ Solid–works လိုင်စင်နှင့် ဝယ်ယူမှု၊ အင်တာနက်နှင့် အခြားလိုအပ်သည့်အရာများကို လှူဒါန်းပေးအပ်ခဲ့ကြောင်းသိရသည်။ သင်ကြားပေးမည့် ကျောင်းသားဦးရေမှာ တစ်တန်းလျှင် ၁၀ ဦးဖြစ်သည်။ သင်တန်းပြီးဆုံးပါက Myanmar Toyohashi Engineering Co., Ltd မှစစ်သော စာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်သူကိုသာ လက်မှတ်ပေးအပ်မည်ဟုသိရသည်။

သင်တန်းမှ ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် ကျောင်းတက်နေစဉ်အတွင်း နည်းပညာနှင့် ဂျပန်စာကိုသင်ယူ၍ ဂျပန်ကုမ္ပဏီများသို့ဝင်ရောက်လုပ်ကိုင်နိုင်ခြင်းဆိုသည့် Cycle ကိုဖန်တီးပေးရန် ရည်ရွယ်ကြောင်းသိရသည်။